www.dhammadownload.com

# ဓမ္မဗျူဟာ

## ဝါဆိုလပြည့်

သစ္စာလေးဖြာ သာသနာ ကြိုဆို ပူဇော်ပွဲ နှင့်

ဓမ္မစကြာအခါတော်နေ့

# ဓမ္မစက္ကပဝတ္တနသုတ္တန်

ပါဠိတော်နှင့် မြန်မာပြန်

**မှတ်စုအကျဉ်း**

သင်တန်းမှူး
ဓမ္မဗျူဟာ - ဒေါ်ခင်လှတင်
(မဟာသဒ္ဓမ္မဇောတိကဓဇ)

www.dhammadownload.com

# ဝါဆိုလပြည့်

သန္တေ - တောထွက် - ဓမ္မစက် ၊ မိန့်မြွက်သံချို လဝါဆို။

- သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်၊ သောင်းခွင်စကြဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစ၊ တောင်းပန်မှုကြောင့်၊ ရတုနကို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္တေယူသည်၊ နတ်လူငြိမ်းဘို့ - ကိန်းပါကို။

- ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရှယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရှယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြပိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊ စုံမြိုင်ပင်ရိပ်၊ ခန်းမှာကို။

- ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် - ရွမ်းတယ်ကို။

လယ်တီဆရာတော်ဘုရားကြီး

အခါတော်နေ့ ကျင်းပရေးကော်မတီ

ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း
၆၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ( ဖုန်း–၃၈၀၈၈၀ )

www.dhammadownload.com

ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု

ဗုဒ္ဓမြတ်စွာ၏သာသနာတော်မြတ် သုံးရပ်သည်ကြာမြင့်စွာတည်ပါစေ။

# ဓမ္မဇျောတိကာ

## ဝါဆိုလပြည့်

သစ္စာလေးဖြာသာသနာ

ကြိုဆိုပူဇော်ပွဲနှင့်

ဓမ္မစကြာအခါတော်နေ့

# ဓမ္မစက္ကပဝတ္တနသုတ္တန်

ပါဠိတော်နှင့်မြန်မာပြန်

## မှတ်စုအကျဉ်း

F . 1 . B B

www.dhammadownload.com

## သစ္စာလေးဖြာ သာသနာ ကြို့ဆို ပူဇော်ပွဲ နှင့် ဓမ္မစကြာအခါတော်နေ့

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊
စုံအညီနှင့်၊ မဟာီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခ,ညောင်းကပ်လာ၊ နတ်
ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊
မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရွှမ်းတယ်ကို။

(လယ်တီဆရာတော်ဘုရားကြီး)

ဓမ္မစကြာတရားတော်၏ လိုရင်းအချုပ်ကား အကျင့်သုံးပါး၊ သစ္စာလေးပါး၊ ဉာဏ်တော် တစ်ဆယ့်နှစ်ပါး၊ ဘုရားအဖြစ် ဝန်ခံတော်မူခြင်းများ ဖြစ်ပါသည်။ ယင်းတို့၏ သဘောအချုပ်ကား လယ်ယာစွန်းကျ၍ ပြင်းထန်လွန်းသော **အတ္တကိလမထာနုယောဂအကျင့်**၊ လက်ဝဲစွန်းကျ၍ ပျော့ညံ့သေးသိမ် ယုတ်နိမ့်လွန်းသော **ကာမသုခလ္လိကာနုယောဂအကျင့်**၊ လက်ဝဲလက်ယာ မသွေဖည်ဘဲ တိကျ ဖြောင့်စင်း၍ အပြစ်ကင်းသော **မဇ္ဈိမပဋိပဒါအကျင့်**၊ ဤကား အကျင့်သုံးပါး။

ဆင်းရဲခြင်းအမှန်-**ဒုက္ခသစ္စာ**၊ ဆင်းရဲကြောင်းအမှန်- **သမုဒယသစ္စာ**၊ ဆင်းရဲချုပ်ခြင်းအမှန်- **နိရောဓသစ္စာ**၊ ဆင်းရဲချုပ်ကြောင်း အကျင့်အမှန်- **မဂ္ဂသစ္စာ**၊ ဤကား သစ္စာလေးပါး။

ဒုက္ခ၏ ဖြစ်ရပ်မှန်ကိုသိသော- **သစ္စဉာဏ်**၊ ဒုက္ခ၏ လုပ်ရပ်အမှန်ကိုသိသော- **ကိစ္စဉာဏ်**၊ ဒုက္ခ၏ ချုပ်ရာအမှန်ကိုသိသော- **ကတဉာဏ်**၊ ဤသို့ ဒုက္ခ၌ ဉာဏ်တော်သုံးပါး၊ ထို့အတူ သမုဒယ၌ ဉာဏ်တော်သုံးပါး၊ နိရောဓ၌ ဉာဏ်တော်သုံးပါး၊ မဂ္ဂ၌ ဉာဏ်တော်သုံးပါး၊ ဤကား ဉာဏ်တော်တစ်ဆယ့်နှစ်ပါး။ ဤသို့ အကျင့်သုံးရပ်၊ သစ္စာလေးဖြာ၊ ဉာဏ်တော်တစ်ဆယ့်နှစ်ပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူသောအခါမှ အတုမရှိ သမ္မာသမ္ဗောဓိအဖြစ်သို့ ရောက်တော်မူကြောင်းကို **အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ..** ဟု ဘုရားအဖြစ်ကို ဝန်ခံတော်မူပါသည်။

ဤကား ဓမ္မစကြာ၏ လိုရင်းအချုပ်တည်း။

www.dhammadownload.com



**ကျင့်စဉ်သုံးရပ်တွင် ဆုပ်ကိုင်ရမည့် ကျင့်စဉ်ကား**- မဇ္ဈိမ ပဋိပဒါတည်း။ (**မဇ္ဈိမ**- အလယ်ဗဟိုကျသော၊ ဘက်မလိုက်သော၊ မယိမ်းယိုင်သော၊ **ပဋိပဒါ**-ကျင့်စဉ်) ထိုကျင့်စဉ်ကို အမြင်မှန်မှု-**သမ္မာဒိဋ္ဌိ**၊ အတွေးမှန်မှု- **သမ္မာသင်္ကပ္ပ**၊ အပြောမှန်မှု- **သမ္မာဝါစာ**၊ အလုပ်မှန်မှု- **သမ္မာကမ္မန္တ**၊ အသက်မွေးမှန်မှု- **သမ္မာအာဇီဝ**၊ ကြိုးစားမှန်မှု- **သမ္မာဝါယာမ**၊ အမှတ်မှန်မှု- **သမ္မာသတိ**၊ ဖြောင့်မတ်မှန်မှု- **သမ္မာသမာဓိ**၊ ဤ အင်္ဂါရှစ်ရပ်တို့ဖြင့် ဘောင်ခတ်ထားပါသည်။

**သစ္စာလေးပါး၌ဆုပ်ကိုင်ရမည့် သစ္စာကား**- မဂ္ဂသစ္စာတည်း။ (**မဂ္ဂ**-နိဗ္ဗာန်သွားရာလမ်းကြောင်း၊ **သစ္စာ**-အမှန်) မဂ္ဂသစ္စာကိုပင် မဂ်လမ်းစဉ်ဟုလည်း ခေါ်ပါသည်။ မဂ်လမ်းစဉ်နှင့် မဇ္ဈိမပဋိပဒါလမ်းစဉ်သည် အတူတူပင်၊ ထို့ကြောင့် **ဓမ္မစကြာ၏ကျင့်စဉ် အချုပ်ကား**-သမ္မာဒိဋ္ဌိ စသော အင်္ဂါရှစ်ရပ်တို့ဖြင့် သတ်မှတ်ထားသော မဇ္ဈိမပဋိပဒါနှင့် မဂ္ဂသစ္စာတည်း။

ယင်း **မဇ္ဈိမပဋိပဒါနှင့် မဂ္ဂသစ္စာကို အနှစ်ထုတ်သော်**- အရာရာတိုင်း၌-(၁) အမှားကင်းအောင် ချုပ်တည်းရမည် (**သီလ**)၊

(၂) ဖြောင့်မတ်စွာ သုံးသပ်ရမည် (**သမာဓိ**)၊

(၃) မှန်ကန်စွာ ဆုံးဖြတ်ရမည် (**ပညာ**)ဟူသတည်း။

**သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝကား**- သီလ (အမှားကင်းအောင် ချုပ်တည်းမှု)၊ **သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ**ကား-သမာဓိ (ဖြောင့်မတ်စွာ သုံးသပ်မှု)၊ **သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ**ကား-ပညာ (မှန်ကန်စွာ ဆုံးဖြတ်မှု) ဖြစ်ပါသည်။

သစ္စာလေးပါးကို သဘောချုပ်သော် ဒုက္ခနယ်သို့ ရောက်လိုလျှင် သမုဒယလမ်းဖြင့်သွား၊ နိရောဓနယ်သို့ ရောက်လိုလျှင် မဂ္ဂလမ်းဖြင့်သွား၊ **ကြိုက်ရာရွေး လမ်းနှစ်သွယ်** ဖြစ်ပါသည်။ ဤသည်တို့ကား ဓမ္မစကြာ၏ လိုရင်းအကျဉ်းချုပ်နှင့် အနှစ်သာရတို့ ဖြစ်ပါသည်။ ထို့နောက်မှ တရားမင်းမြတ်သည် ၄၅-ဝါတို့ ကာလပတ်လုံး သီလကို ဝိနည်းပိဋကဖြင့် အကျယ်

www.dhammadownload.com



ချဲ့ပါသည်။ သမာဓိကို သုတ္တန်ပိဋကဖြင့် အကျယ်ချဲ့ပါသည်။ ပညာကို အဘိဓမ္မာပိဋကဖြင့် အကျယ်ချဲ့ပါသည်။

ဤသို့ အနှစ်သာရ အဝဝတို့နှင့် ပြည့်စုံ ကုံလုံသောကြောင့် ဓမ္မစကြာကို ဘုရားရှင်တော်မြတ်တိုင်း ပိဋကတ်သုံးပုံ၏ တရားဦး မာတိကာ အဖြစ် ဟောတော်မူခြင်းဖြစ်သဖြင့် ဓမ္မစကြာကို ရွတ်ဆိုခြင်းသည် ပိဋကတ်သုံးပုံကို ရွတ်ဆိုခြင်းနှင့်လည်းကောင်း၊ ဓမ္မစကြာကျင့်စဉ်များကို ကာယကံမြောက် ကျင့်သုံးခြင်းသည် ပိဋကတ်သုံးပုံကို ကျင့်သုံးခြင်းနှင့်လည်းကောင်း ညီမျှသော အကျိုးရှိသည်ဟု သဘောရပါသည်။ ယင်းသို့ ဓမ္မစကြာ၏ အကျဉ်းချုပ် အနှစ်သာရ ရွတ်ဆိုခြင်း၊ ကျင့်ကြံခြင်း အကျိုးတို့ကို သဘောပေါက်မိကြပါသဖြင့်လည်းကောင်း၊ သာသနာ့သမိုင်းဝင် နေ့ထူးနေ့မြတ်ကြီးများ မတိမ်ကော မပပျောက်စေလိုသဖြင့်လည်းကောင်း နှစ်စဉ်နှစ်တိုင်း ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ကို ကျင်းပ ပူဇော်ခဲ့ကြသည့်အပြင် ထပ်ဆင့် အမွှမ်းတင်အနေဖြင့် ဝါဆိုလဆန်း ၁၄-ရက်နေ့၌ သစ္စာလေးဖြာ သာသနာ ကြိုဆို ပူဇော်ပွဲကိုပါ ပူးတွဲ ကျင်းပ ပူဇော်လာခဲ့ကြပါသည်။

ထို့ကြောင့် တစ်နှစ်မှ တစ်ခါသာ ကြုံရသည့် သစ္စာလေးဖြာ သာသနာ ကြိုဆို ပူဇော်ပွဲနှင့် ဓမ္မစကြာအခါတော်နေ့ကို အင်တိုက်အားတိုက် ကာယကံမြောက် ကျင်းပပူဇော်၍ သာသနာပြုတော်မူကြပါရန် လေးမြတ်စွာ တိုက်တွန်းနှိုးဆော်အပ်ပါသတည်း။

## အစီအစဉ်

ဝါဆိုလဆန်း ၁၄-ရက်နေ့၌ မိမိတို့ အိမ်၊ ကျောင်းများရှိ ဘုရားကျောင်းဆောင်ကို သန့်စင်ခြင်း၊ ရေသပ္ပာယ်ခြင်း စသော ရှေးဦးကိစ္စများကို ပြုလုပ်၍ နေဝင်,လထွက်အချိန်တွင် (ဩော်-မနက်ဖြန် ဝါဆိုလပြည့်သည် သစ္စာလေးဖြာ ဓမ္မစကြာတရားတော်ကို ရှင်တော်မြတ်ဘုရား စတင် ဟောကြားတော်မူသောနေ့ပါကလား။ ငါသည် ထို သစ္စာလေးဖြာ သာသနာကို ရိုသေစွာ ကြိုဆို ပူဇော်၍ ဆည်းကပ်မည်)ဟု အာရုံပြု၍ ဖယောင်းတိုင်

www.dhammadownload.com



လေးတိုင် ညှိထွန်း ပူဇော်ကြရန် ဖြစ်ပါသည်။ ထိုသို့ ပူဇော်နေချိန်၌ သစ္စာလေးပါး သဘောတရားများကို အထပ်ထပ် စဉ်းစား နှလုံးသွင်းတော်မူပါ၊ (တတ်နိုင်ပါက ဖယောင်းတိုင် လေးတိုင်တွင် သစ္စာလေးပါးကို တစ်ပါးကျစီ ရေး၍ ပတ်ဝန်းကျင်ရှိ အိမ်များ၊ ကျောင်းများသို့ အင်အားအလျောက် လှူဒါန်းတော်မူပါ)။ ထို့နောက် (ကမ္ဘာ့သူ ကမ္ဘာ့သား သတ္တဝါများတို့ ဘေးရန်ကင်းကြပါစေ၊ စိုးရိမ်ကင်းကြပါစေ၊ ဆင်းရဲကင်းကြပါစေ၊ မိမိကိုယ်ကို ကောင်းစွာ ရွက်ဆောင်နိုင်ကြပါစေ၊ တောင့်တကြောင့်ကြ ကင်းကြပါစေ၊ တစ်ယောက်နှင့်တစ်ယောက် အာဃာတတွေ ပပျောက်ကြပါစေ၊ တစ်ဦးနှင့်တစ်ဦး ချုပ်ချယ်ခြင်း ကင်းကြပါစေ)ဟု ဝတ်ကျေတမ်းကျေမျှ မဟုတ်ဘဲ လေးလေးနက်နက် လှိုက်လှိုက်လှဲလှဲ မေတ္တာပို့တော်မူပါ။

ထို့နောက် (ဤ သစ္စာလေးပါး အမှန်တရားသည် အကျွန်ုပ်တို့နှင့်တကွ နိုင်ငံတစ်ဝန်းလုံး၊ ကမ္ဘာတစ်ဝန်းလုံး၌ ထွန်းလင်း တောက်ပကာ နိုင်ငံသူ နိုင်ငံသား၊ ကမ္ဘာ့သူ ကမ္ဘာ့သားတို့သည် အမှန်တရား၏ အလင်းရောင်အောက်တွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစွာဖြင့် ဝမ်းသာဝမ်းမြောက် ရှိကြပါစေသတည်း။ ဤသို့ အကျွန်ုပ်တို့ အားထုတ်အပ်သော သီလ, သမာဓိ, ပညာ သာသနာသုံးရပ် အကျင့်မြတ်သည် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းဟူ၍ ယုံကြည်ပါ၏၊ ယုံကြည်သည်ကား မှန်၏၊ ဤ မှန်သော သစ္စာစကားကြောင့် ကျရောက်ဆဲ, ကျရောက်လတ္တံ့ဖြစ်သော ရန်အမျိုးမျိုး, ကပ်အမျိုးမျိုး, ဘေးဆိုးဘေးကြမ်းကြီးများမှ အကျွန်ုပ်နှင့်တကွ ကမ္ဘာ့သူ ကမ္ဘာ့သား ခုနစ်ရက်သားသမီးတို့သည် အမြန်ဆုံး ကင်းဝေး လွတ်ငြိမ်းကြပါစေကုန်သတည်း။ အချင်းချင်း ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ မေတ္တာ ကရုဏာတို့ဖြင့် အတူယှဉ်တွဲ နေနိုင်ပါစေကုန်သတည်း)ဟု သစ္စာဓိဋ္ဌာန် ပြုတော်မူကြပါ။ **ဝါဆိုလပြည့်နေ့ ရောက်သောအခါ** ကိုးပါးသီလ ခံယူ ဆောက်တည်၊ ဓမ္မစကြာသုတ် ပါဠိတော်နှင့် အနက်များကို ရွတ်ပွား သရဇ္ဈာယ်ကာ အထက်ပါအတိုင်း ဆီမီး ပူဇော်ခြင်း၊ မေတ္တာပို့ခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုခြင်းများကို ဆောင်ရွက်တော်မူကြပါ။

www.dhammadownload.com



# ဓမ္မစကြာသုတ်တော်သင်တန်း

## သံယုတ္တနိကာယ်၊ မဟာဝဂ္ဂသံယုတ်၊ ဓမ္မစက္ကပဝတ္တနသုတ်

## ပါဠိတော် နှင့် မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဓမ္မစကြာအမွှန်း

(က) ဘိက္ခူနံ ပဉ္စဝဂ္ဂီနံ၊ ဣသိပတန နာမကေ။
မိဂဒါယေ ဓမ္မဝရံ၊ ယံ တံ နိဗ္ဗာနပါပကံ။

(ခ) သဟမ္ပတိ နာမကေန၊ မဟာဗြဟ္မုန ယာစိတော။
စတုသစ္စံ ပကာသေန္တော၊ လောကနာထော အဒေသယိ။

(ဂ) နန္ဒိတံ သဗ္ဗဒေဝေဟိ၊ သဗ္ဗသမ္ပတ္တိသာဓကံ။
သဗ္ဗလောကဟိတတ္ထာယ၊ ဓမ္မစက္ကံ ဘဏာမ ဟေ။

(က-ခ) **စတုသစ္စံ-** သစ္စာလေးပါးကို၊ **ပကာသေန္တော-** ပြတော်မူသော၊ **လောကနာထော-** လူတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာ

www.dhammadownload.com



ဘုရားသည်၊ **သဟမ္ပတိ နာမကေန**- သဟမ္ပတိ အမည်ရှိသော၊ **မဟာဗြဟ္မုနာ**- မြတ်သောဗြဟ္မာမင်းသည်၊ **ယာစိတော**- တရားဟောစိမ့်သောငှာ တောင်းပန်အပ်သည်ဖြစ်၍၊ **ဣသိပတနနာမကေ**- ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာတို့၏ ကောင်းကင်မှ သက်ရာ, ကောင်းကင်သို့တက်ရာဖြစ်၍ ဣသိပတန အမည်ရှိသော၊ **မိဂဒါယေ**- သားသမင်တို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန် သားပေါင်းစုံသည့် တောရဂုံ၌၊ **ပဉ္စဝဂ္ဂီနံ**- ငါးယောက်အစုရှိခြင်းကြောင့် ပဉ္စဝဂ္ဂီအမည်ရှိကုန်သော၊ **ဘိက္ခူနံ**- ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိရဟန်းတို့အား၊ **နိဗ္ဗာနုပါပကံ**- နိဗ္ဗာန်သို့ ရောက်စေတတ်သော၊ **ဓမ္မဝရံ**- မြတ်သောတရားဖြစ်သော၊ **ယံ ဓမ္မစက္ကံ**- အကြင်ဓမ္မစကြာဒေသနာတော်ကို၊ **အဒေသယိ**- ဟောတော်မူပြီ။

(ဂ) **သဗ္ဗဒေဝေဟိ**- ခပ်သိမ်းကုန်သော သမ္မုတိနတ်, ဥပပတ္တိနတ်, ဝိသုဒ္ဓိနတ်တို့သည်၊ **ဝါ**-ခပ်သိမ်းကုန်သော နတ်ဗြဟ္မာတို့သည်၊ **နန္ဒိတံ**- နှစ်လိုအပ်သော၊ **သဗ္ဗသမ္ပတ္တိသာဓကံ**- ခပ်သိမ်းသော လောကီ, လောကုတ္တရာ ပစ္စုပ္ပန် သံသရာစီးပွားကို ပြီးစေတတ်သော၊ **တံ ဓမ္မစက္ကံ**- ထိုဓမ္မစကြာ ဒေသနာတော်ကို၊ **သဗ္ဗလောကဟိတတ္ထာယ**- ခပ်သိမ်းသော လောက၏ အစီးအပွားအကျိုးငှာ၊ **ယော**- အိုအရှင်သူတော်ကောင်းတို့၊ **မယံ**- ငါတို့သည်၊ **ဘဏာမ**- ရွတ်ကြပါကုန်အံ့။

## (၁) ဓမ္မစကြာနိဒါန်း

**ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။**

**တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ။**

(၁) အကျွန်ုပ် အာနန္ဒာသည် ဤသို့ ကြားနာ မှတ်သားခဲ့ရပါ၏။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်

www.dhammadownload.com



တော၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့ကို မိန့်တော်မူ၏။

## (၂) အစွန်းတရား နှစ်ပါး

**ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။ ကတမေ ဒွေ ယောစာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊ ယောစာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။**

(၂) ရဟန်းတို့၊ ရဟန်းဖြစ်သူသည် အစွန်းတရား နှစ်ပါးတို့ကို မမှီဝဲအပ်ကုန်၊ အဘယ်နှစ်ပါးတို့နည်း။ ယုတ်ညံ့၍ ရွာသူတို့၏ အကျင့်ဖြစ်သော, ပုထုဇဉ်တို့၏ အလေ့အကျင့်သာ ဖြစ်၍ အရိယာတို့၏ အလေ့အကျင့် မဟုတ်သော, အကျိုးစီးပွားနှင့် မစပ်ယှဉ်သော ကာမဂုဏ်တို့၌ ကာမဂုဏ်ချမ်းသာကို ကပ်ငြိသောအားဖြင့် အဖန်တလဲလဲ လိုက်စား အားထုတ်ခြင်းလည်းကောင်း၊ ကိုယ်စိတ် ဆင်းရဲခြင်းကို ဖြစ်စေတတ်သော, အရိယာတို့၏ အကျင့်မဟုတ်သော, အကျိုးစီးပွားနှင့် မစပ်ယှဉ်သော, ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်းလည်းကောင်း ဤနှစ်ပါးတို့တည်း။

## (၃) မဇ္ဈိမပဋိပဒါကျင့်စဉ်

**ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ။ ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန**

www.dhammadownload.com



**အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ- သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။ ။ အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။**

(၃) ရဟန်းတို့၊ ဤအစွန်းနှစ်ပါးတို့သို့ မကပ်ရောက်မူ၍ မြတ်စွာဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော၊ ပညာမျက်စိကို ပြုတတ်သော၊ ဉာဏ်အမြင်ကို ပြုတတ်သော **အလယ်အလတ်ဖြစ်သော အကျင့်**သည် ကိလေသာငြိမ်းရန်အလို့ငှာ ဖြစ်၏။ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှာဖြစ်၏။ သစ္စာလေးပါးကို သိရန်အလို့ငှာဖြစ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှာ ဖြစ်၏။ ရဟန်းတို့၊ မြတ်စွာဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော, ပညာမျက်စိကို ပြုတတ်သော, ဉာဏ်အမြင်ကို ပြုတတ်သော, ကိလေသာငြိမ်းခြင်းကို ထူးသောဉာဏ်ဖြင့် သိခြင်း, သစ္စာလေးပါးကို သိခြင်း, နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်သော ထိုအလယ်အလတ်ဖြစ်သော မြတ်သော အကျင့်ကား အဘယ်နည်း။ ။ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်တည်း။ (ဤသည်ကား အဘယ်နည်း)

(၁) မှန်ကန်သော အမြင် = **သမ္မာဒိဋ္ဌိ**
(၂) မှန်ကန်သော ကြံစည်မှု = **သမ္မာသင်္ကပ္ပ**
(၃) မှန်ကန်သော စကား = **သမ္မာဝါစာ**
(၄) မှန်ကန်သော အလုပ် = **သမ္မာကမ္မန္တ**
(၅) မှန်ကန်သော အသက်မွေးမှု = **သမ္မာအာဇီဝ**

www.dhammadownload.com



(၆) မှန်ကန်သော လုံ့လ = **သမ္မာဝါယာမ**
(၇) မှန်ကန်သော အောက်မေ့မှု = **သမ္မာသတိ**
(၈) မှန်ကန်သော တည်ကြည်မှု = **သမ္မာသမာဓိ**တို့တည်း။

ရဟန်းတို့၊ မြတ်စွာဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော, ပညာမျက်စိကို ပြုတတ်သော, ဉာဏ်အမြင်ကို ပြုတတ်သော, အလယ်အလတ်ဖြစ်သော မြတ်သောအကျင့်သည် ကိလေသာ ငြိမ်းရန်အလို့ငှာ ဖြစ်၏။ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှာ ဖြစ်၏။ သစ္စာလေးပါး သိရန်အလို့ငှာ ဖြစ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှာ ဖြစ်၏။

## (၄) ဒုက္ခသစ္စာ

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။ ဇာတိ ပိ ဒုက္ခာ၊ ဇရာ ပိ ဒုက္ခာ၊ ဗျာဓိ ပိ ဒုက္ခော၊ မရဏံ ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဘတိ တံ ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။**

(၄) ရဟန်းတို့၊ ဤသည်ကား ဆင်းရဲဖြစ်သော အရိယသစ္စာတရားတည်း။ ပဋိသန္ဓေ တည်နေရခြင်းသည်လည်း ဆင်းရဲ၏။ အိုရခြင်းသည်လည်း ဆင်းရဲ၏။ နာရခြင်းသည်လည်း ဆင်းရဲ၏။ သေရခြင်းသည်လည်း ဆင်းရဲ၏။ မချစ်သော သူတို့နှင့် အတူနေရခြင်းသည်လည်း ဆင်းရဲ၏။ ချစ်သော သူတို့နှင့် ကွေကွင်းရခြင်းသည်လည်း ဆင်းရဲ၏။ လိုချင်ရာကို မရခြင်းသည်လည်း ဆင်းရဲ၏။ အကျဉ်းအားဖြင့် စွဲလမ်းရာ အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည် (ခန္ဓာကိုယ်ကြီးသည်) ဆင်းရဲကုန်၏။

www.dhammadownload.com



## (၅) သမုဒယသစ္စာ

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြ တတြာဘိနန္ဒိနီ။ သေယျထိဒံ- ကာမတဏှာ ဘဝတဏှာ ဝိဘဝ တဏှာ။**

(၅) ရဟန်းတို့၊ ဤသည်ကား ဆင်းရဲ၏အကြောင်းဖြစ်သော အရိယသစ္စာတရားတည်း။ အကြင်တဏှာသည် ဘဝသစ်၌ ဖြစ်စေတတ်၏။ နှစ်သက်ခြင်း တပ်မက်ခြင်းနှင့်တကွ ဖြစ်၏။ ထိုထိုအာရုံ၌ လွန်စွာ နှစ်သက်တတ်၏။ ထိုတပ်မက်မှု တဏှာဟူသည် အဘယ်နည်း။ ကာမ၌ တပ်မက်မှု ကာမတဏှာ၊ သဿတဒိဋ္ဌိနှင့်တကွဖြစ်သော ဘဝ၌ တပ်မက်မှု ဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော ဘဝပြတ်မှု၌ တပ်မက်မှု ဝိဘဝတဏှာတို့တည်း။

## (၆) နိရောဓသစ္စာ

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။ ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော၊ စာဂေါ၊ ပဋိနိဿဂ္ဂေါ၊ မုတ္တိ၊ အနာလယော။**

(၆) ရဟန်းတို့၊ ဤသည်ကား ဆင်းရဲ၏ ချုပ်ငြိမ်းရာဖြစ်သော အရိယသစ္စာ တရားတည်း၊ ယင်း ဆင်းရဲ၏ ချုပ်ငြိမ်းရာ (နိရောဓ) ဟူသည် ထို တပ်မက်မှု တဏှာ၏သာလျှင် အကြွင်းမဲ့ စွဲမက်မှု ကင်းပျောက် ချုပ်ငြိမ်းရာ, စွန့်လွှတ်ရာ, တစ်ဖန် စွန့်ပယ်ရာ, လွတ်မြောက်ရာ, မကပ်ငြိရာပင် ဖြစ်၏။

www.dhammadownload.com



## (၇) မဂ္ဂသစ္စာ

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ- သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ, သမ္မာဝါစာ, သမ္မာကမ္မန္တော, သမ္မာ အာဇီဝေါ, သမ္မာဝါယာမော, သမ္မာသတိ, သမ္မာသမာဓိ။**

(၇) ရဟန်းတို့၊ ဤသည်ကား ဆင်းရဲ၏ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယသစ္စာတရားတည်း။ ဤအရိယမဂ်သည် အင်္ဂါရှစ်ပါးရှိ၏။ အင်္ဂါရှစ်ပါးဟူသော်ကား မှန်ကန်သော အမြင်-သမ္မာဒိဋ္ဌိ၊ မှန်ကန်သော ကြံစည်မှု- သမ္မာသင်္ကပ္ပ၊ မှန်ကန်သော စကား- သမ္မာဝါစာ၊ မှန်ကန်သော အလုပ်- သမ္မာကမ္မန္တ၊ မှန်ကန်သော အသက်မွေးမှု- သမ္မာ အာဇီဝ၊ မှန်ကန်သော လုံ့လ- သမ္မာဝါယာမ၊ မှန်ကန်သော အောက်မေ့မှု- သမ္မာသတိ၊ မှန်ကန်သော တည်ကြည်မှု- သမ္မာသမာဓိတို့တည်း။

## (၈) ဒုက္ခသစ္စာ၌ သစ္စဉာဏ်

**"ဣဒံ ဒုက္ခံ အရိယသစ္စံ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

(၈) ရဟန်းတို့၊ ဤသည်ကား ဆင်းရဲဖြစ်သော အရိယသစ္စာ မည်၏ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဖူးကုန်သော (ဒုက္ခသစ္စာ)တရားတို့၌ ငါဘုရားအား ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ် (ပညာ)သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍သိသော ဉာဏ် (ဝိဇ္ဇာ)သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

www.dhammadownload.com



## (၉) ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်

**တံ ခေါ ပနိဒံ 'ဒုက္ခံ အရိယသစ္စံ ပရိညေယျန္တိ' မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

(၉) ရဟန်းတို့၊ ထို ဆင်းရဲဖြစ်သော အရိယသစ္စာတရားကို စင်စစ် ပိုင်းခြား၍ သိထိုက်၏ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဖူးကုန်သော (ဒုက္ခသစ္စာ)တရားတို့၌ ငါဘုရားအား ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော ဉာဏ် (ပညာ)သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍သိသော ဉာဏ် (ဝိဇ္ဇာ)သည် ထင်ရှား ဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

## (၁၀) ဒုက္ခသစ္စာ၌ ကတဉာဏ်

**တံ ခေါ ပနိဒံ 'ဒုက္ခံ အရိယသစ္စံ ပရိညာတန္တိ' မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

(၁၀) ရဟန်းတို့၊ ထိုဆင်းရဲဖြစ်သော အရိယသစ္စာတရားကို ပိုင်းခြား၍ သိခဲ့ပြီဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဖူးကုန်သော (ဒုက္ခသစ္စာ)တရားတို့၌ ငါဘုရားအား ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ်(ပညာ)သည် ထင်ရှား ဖြစ်၏၊ ထိုးထွင်း၍သိသော ဉာဏ် (ဝိဇ္ဇာ)သည် ထင်ရှားဖြစ်၏၊ အလင်း ရောင်သည် ထင်ရှားဖြစ်၏။

www.dhammadownload.com



## (၁၁) သမုဒယသစ္စာ၌ သစ္စဉာဏ်

ဣဒံ 'ဒုက္ခသမုဒယံ အရိယသစ္စန္တိ' မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၁) ရဟန်းတို့၊ ဤတရားသည် ဆင်းရဲကြောင်းဖြစ်သော အရိယသစ္စာတရား မည်၏ဟု …ပ… ထင်ရှားဖြစ်၏။

## (၁၂) သမုဒယသစ္စာ၌ ကိစ္စဉာဏ်

တံ ခေါ ပနိဒံ 'ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗန္တိ' မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၂) ရဟန်းတို့၊ ထိုဆင်းရဲကြောင်းဖြစ်သော အရိယသစ္စာ တရားကို ပယ်အပ်၏ဟု …ပ… ထင်ရှားဖြစ်၏။

## (၁၃) သမုဒယသစ္စာ၌ ကတဉာဏ်

တံ ခေါ ပနိဒံ 'ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီနန္တိ' မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၃) ရဟန်းတို့၊ ထိုဆင်းရဲကြောင်းဖြစ်သော အရိယသစ္စာ တရားကို ပယ်ပြီးပြီဟု …ပ… ထင်ရှားဖြစ်၏။

www.dhammadownload.com



## (၁၄) နိရောဓသစ္စာ၌ သစ္စဉာဏ်

ဣဒံ 'ဒုက္ခနိရောဓံ အရိယသစ္စန္တိ' မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၄) ရဟန်းတို့၊ ဤနိဗ္ဗာန်သည် ဆင်းရဲချုပ်ရာဖြစ်သော အရိယသစ္စာတရားမည်၏ဟု …ပ… ထင်ရှားဖြစ်၏။

## (၁၅) နိရောဓသစ္စာ၌ ကိစ္စဉာဏ်

တံ ခေါ ပနိဒံ 'ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗန္တိ' မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၅) ရဟန်းတို့၊ ဆင်းရဲခြင်း၏ချုပ်ရာဖြစ်သော အရိယသစ္စာတရားကို မျက်မှောက်ပြုအပ်၏ဟု …ပ…ထင်ရှားဖြစ်၏။

## (၁၆) နိရောဓသစ္စာ၌ ကတဉာဏ်

တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ''န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၆) ရဟန်းတို့၊ ထို ဆင်းရဲ၏ ချုပ်ရာဖြစ်သော အရိယသစ္စာကို မျက်မှောက်ပြုပြီးပြီဟု …ပ…ထင်ရှားဖြစ်၏။

www.dhammadownload.com



## (၁၇) မဂ္ဂသစ္စာ၌ သစ္စဉာဏ်

ဣဒံ 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စန္တိ' မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၇) ရဟန်းတို့၊ ဤတရားသည် ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယသစ္စာတရားမည်၏ဟု …ပ…ထင်ရှားဖြစ်၏။

## (၁၈) မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်

တံ ခေါ ပနိဒံ 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗန္တိ' မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၈) ရဟန်းတို့၊ ထိုဆင်းရဲ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယသစ္စာတရားကို ပွားများအပ်၏ဟု …ပ…ထင်ရှားဖြစ်၏။

## (၁၉) မဂ္ဂသစ္စာ၌ ကတဉာဏ်

တံ ခေါ ပနိဒံ 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတန္တိ' မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

www.dhammadownload.com



(၁၉) ရဟန်းတို့၊ ထိုဆင်းရဲ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာတရားကို ပွားများပြီးပြီဟု …ပ… ထင်ရှား ဖြစ်၏။

## (၂၀) ရှေးက ဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ

ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ။

နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ 'အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ'တိ ပစ္စညာသိံ။

(၂၀) ရဟန်းတို့၊ ဤ အရိယသစ္စာတရား လေးပါးတို့၌ ဤသို့ သုံးပါးသော အပြန်၊ တစ်ဆယ့်နှစ်ပါးသော အခြင်းအရာရှိသော မှန်ကန်သော ဉာဏ်အမြင် မစင်ကြယ်သေးသမျှ ကာလပတ်လုံး ငါသည် နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့လောက၌ အတုမရှိသော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာသိသော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီဟု ဝန်မခံခဲ့ချေ။

## (၂၁) ယခုမှ ဘုရားဖြစ်ကြောင်း ဝန်ခံပုံ

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ။

www.dhammadownload.com



အထာပဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ 'အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ' ပစ္စညာသိံ။

(၂၁) ရဟန်းတို့၊ ဤ အရိယသစ္စာတရား လေးပါးတို့၌ ဤသို့ သုံးပါးသော အပြန်၊ တစ်ဆယ့်နှစ်ပါးသော အခြင်းအရာရှိသော မှန်ကန်သော ဉာဏ်အမြင်သည် စင်ကြယ်သောအခါ၌သာလျှင် ငါသည် နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏ ဗြဟ္မဏ မင်းများ လူများနှင့် တကွသော လူလောက၌ အတုမရှိသော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိသော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီဟု ဝန်ခံခဲ့၏။

## (၂၂) နိဂုံးချုပ်စကားတော်

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ''တိ။

(၂၂) ငါ၏ ကိလေသာတို့မှ လွတ်မြောက်မှုသည် မပျက်စီးနိုင်ပြီ။ ဤဘဝကား အဆုံးစွန်သော ဘဝတည်း။ ယခုအခါ ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပြီဟု ငါ့အား အသိအမြင် ဆင်ခြင်ဉာဏ် (ပစ္စဝေက္ခဏာဉာဏ်)သည် ဖြစ်ပေါ်လာ၏။

## (၂၃) သင်္ဂါယနာမှတ်တမ်း

ဣဒ မဝေါစ ဘဂဝါ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

(၂၃) မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ပဉ္စဝဂ္ဂီရဟန်းတို့သည် နှစ်သက်ကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏ တရားတော်ကို ဝမ်းမြောက်စွာ လက်ခံကြလေကုန်၏။

www.dhammadownload.com



## (၂၄) အရှင်ကောဏ္ဍည တရားထူးရပုံ

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ, ဝီတမလံ, ဓမ္မစက္ခုံ ဥဒပါဒိ "ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ"န္တိ။

(၂၄) ဤ ဂါထာမဖက် သက်သက်သော ဒေသနာတော်ကို ဟော တော်မူသည်ရှိသော် အရှင်ကောဏ္ဍညအား 'ဖြစ်ခြင်းသဘောရှိသော တရား အလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏' ဟု ကိလေသာမြူ အညစ်အကြေး ကင်း သော တရားမျက်စိ (သောတာပတ္တိမဂ်ဉာဏ်)သည် ဖြစ်ပေါ်လာ၏။

## (၂၅) နတ်ဗြဟ္မာတို့ ကောင်းချီးပေးပုံ

ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာဒေဝါ သဒ္ဒ မနုဿာဝေသုံ၊ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ, ဗြာဟ္မဏေန ဝါ, ဒေဝေန ဝါ, မာရေန ဝါ, ဗြဟ္မုနာ ဝါ, ကေနစိ ဝါ လောကသ္မိံတိ။

ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ၊ ဧတံ ...ပ... လောကသ္မိံတိ။ ။

စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ၊ ဧတံ ...ပ... လောကသ္မိံတိ။

တာဝတိံသာနံ ဒေဝါနံ သဒ္ဒံ သုတွာ ယာမာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ၊ ဧတံ...ပ...လောကသ္မိံတိ ။

www.dhammadownload.com



ယာမာနံ ဒေဝါနံ သဒ္ဒံ သုတွာ တုသိတာ ဒေဝါ သဒ္ဒမနုဿာဝေသုံ၊ ဧတံ …ပ… လောကသ္မိန္တိ။ ။

တုသိတာနံ ဒေဝါနံ သဒ္ဒံ သုတွာ နိမ္မာနရတီ ဒေဝါ သဒ္ဒမနုဿာဝေသုံ၊ ဧတံ …ပ… လောကသ္မိန္တိ။

နိမ္မာနရတီနံ ဒေဝါနံ သဒ္ဒံ သုတွာ ပရနိမ္မိတဝသဝတ္တီ ဒေဝါ သဒ္ဒ မနုဿာဝေသုံ၊ ဧတံ…ပ…လောကသ္မိန္တိ။ ။

ပရနိမ္မိတဝသဝတ္တီနံ ဒေဝါနံ သဒ္ဒံ သုတွာ ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ၊ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ, ဗြာဟ္မဏေန ဝါ, ဒေဝေန ဝါ, မာရေန ဝါ, ဗြဟ္မုနာ ဝါ, ကေနစိ ဝါ လောကသ္မိန္တိ။

ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ။

(၂၅) ဤသို့ မြတ်စွာဘုရားသည် ဓမ္မစကြာတရားတော်ကို ဟောတော်မူသည်ရှိသော် “ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောဝယ် လောက၌ သမဏ ဗြာဟ္မဏ နတ် မာရ်နတ် ဗြဟ္မာ တစ်ဦးတစ်ယောက်မျှ မဟောနိုင်သော အတုမရှိသော ဤဓမ္မစကြာ တရားတော်ကို ဟောတော်မူ၏”ဟု ဘုမ္မစိုးနတ်တို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကြကုန်၏။

ဘုမ္မစိုးနတ်တို့၏ ကောင်းချီးပေးသံကြား၍ စာတုမဟာရာဇ်နတ်တို့သည် -ပ- စာတုမဟာရာဇ်နတ်တို့၏ ကောင်းချီးပေးသံကြား၍ တာဝတိံသာနတ်တို့သည် -ပ- တာဝတိံသာနတ်တို့၏ ကောင်းချီးပေးသံကြား၍ ယာမာ

www.dhammadownload.com



နတ်တို့သည် -ပ- ယာမာနတ်တို့၏ ကောင်းချီးပေးသံကြား၍ တုသိတာနတ်တို့သည် -ပ- တုသိတာနတ်တို့၏ ကောင်းချီးပေးသံကြား၍ နိမ္မာနရတိနတ်တို့သည် -ပ- နိမ္မာနရတိနတ်တို့၏ ကောင်းချီးပေးသံကြား၍ ပရနိမ္မိတဝသဝတ္တီနတ်တို့သည် -ပ- ပရနိမ္မိတဝသဝတ္တီ နတ်တို့၏ ကောင်းချီးပေးသံကြား၍ "မြတ်စွာဘုရားသည် ဗာရာဏသီ ဣသိပတန မိဂဒါဝုန်တောဝယ် လောက၌ သာမဏ ဗြာဟ္မဏ နတ် မာရ်နတ် ဗြဟ္မာ တစ်ဦးတစ်ယောက်မျှ မဟောနိုင်သော အတုမရှိသော ဤဓမ္မစကြာတရားတော်ကို ဟောတော်မူ၏"ဟု ဗြဟ္မာတို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကုန်၏။

ဤသို့လျှင် ထိုအချိန် ထိုအခါ ထိုကာလတွင် အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် ကောင်းချီးပေးသံသည် ပြန့်နှံ့၍ တက်၏။

## (၂၆) မြေငလျင်လှုပ်ခြင်း

**အယဉ္စ ဒသသဟဿီ လောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။**

(၂၆) ဤတစ်သောင်းသော လောကဓာတ်သည်လည်း တက်၍ တက်၍ တုန်လှုပ်၏။ တက်၍ သက်၍ တုန်လှုပ်၏။ အရပ်လေးမျက်နှာသို့ ခါရမ်းလျက် လှုပ်၏။

## (၂၇) အရောင်အလင်း ဖြစ်ပေါ်လာပုံ

**အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတုရဟောသိ၊ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။**

(၂၇) အတိုင်းအရှည်မရှိ ကြီးမားသော အလင်းရောင်သည်လည်း လောက၌ နတ်တို့၏ အာနုဘော်ကို ကျော်လွန်၍ ထင်ရှား ဖြစ်ပေါ်လာ၏။

www.dhammadownload.com



## (၂၈) မြတ်စွာဘုရား ဥဒါန်းကျူးတော်မူပုံ

**အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ 'အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော' တိ။ ဣတိဟိဒံ အာယသ္မတော ကောဏ္ဍညဿ အညာသိ ကောဏ္ဍညော တွေဝ နာမံ အဟောသိ။**

(၂၈) ထိုအခါ မြတ်စွာဘုရားသည် 'ရဟန်းတို့၊ ကောဏ္ဍညသည် သစ္စာလေးပါးတရားကို သိလေပြီတကား။ ရဟန်းတို့၊ ကောဏ္ဍညသည် သစ္စာလေးပါးတရားကို သိလေပြီတကား''ဟု ဥဒါန်းကို ကျူးတော်မူ၏။ ဤဥဒါန်းကို အကြောင်းပြု၍သာလျှင် အရှင်ကောဏ္ဍညအား **အညာသိ ကောဏ္ဍည**ဟူ၍သာ အမည်တွင်လေ၏။

## (၂၉) အညာသိကောဏ္ဍည ရှင်ရဟန်းအဖြစ် တောင်းခံပုံ

**အထ ခေါ အာယသ္မာ အညာသိ ကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠ္ဟဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထု သာသနေ ဘဂဝန္တံ ဧတဒဝေါစ "လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒန္တိ"**

(၂၉) မြတ်စွာဘုရား ဥဒါန်းကျူးပြီးသော ထိုအခါ၌ အရှင်အညာသိကောဏ္ဍညသည် သိမြင်အပ်ပြီးသော တရားရှိသည်ဖြစ်၍၊ ရောက်အပ်ရအပ်ပြီးသော တရားရှိသည်ဖြစ်၍၊ ထင်ရှားသိအပ်ပြီးသော တရားရှိသည် ဖြစ်၍၊ ထက်ဝန်းကျင် အပြည့်အစုံ သက်ဝင်၍ သိအပ်ပြီးသော တရားရှိသည် ဖြစ်၍၊ ကျော်လွန်ပြီးသော ယုံမှားရှိသည်ဖြစ်၍၊ သို့လော သို့လော တွေးတောမှု

www.dhammadownload.com



ကင်းပြီးသည်ဖြစ်၍, မြတ်စွာဘုရားအဆုံးအမ (သာသနာ)တော်၌ ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍၊ သူတစ်ပါးကို အားကိုး၍ ယုံရသည်မဟုတ်ဘဲ ကိုယ်တိုင်ပင် သိနေပြီဖြစ်၍ မြတ်စွာဘုရားကို "အရှင်ဘုရား၊ အကျွန်ုပ်သည် မြတ်စွာဘုရားအထံ၌ ရှင်အဖြစ်ကို ရလိုပါ၏။ ရဟန်းအဖြစ်ကို ရလိုပါ၏" ဟု လျှောက်ထား တောင်းပန်၏။

## (၃၀) ဧဟိဘိက္ခုရဟန်းဖြစ်ပုံ

**"ဧဟိ ဘိက္ခူ" တိ ဘဂဝါ အဝေါစ၊ သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာတိ၊ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။**

(၃၀) ရဟန်း- လာလော့၊ တရားတော်ကို ကောင်းစွာ ဟောအပ်ပြီ။ ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှာ မြတ်သောအကျင့်ကို ကောင်းစွာ ကျင့်ပါလော့ ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။ ထိုစကားတော်သည်ပင်လျှင် ထို အရှင်အညာသိကောဏ္ဍည၏ ပဉ္စင်းအဖြစ် ပြီးလေ၏။

[ ဓမ္မစက္ကပဝတ္တနသုတ္တံ နိဋ္ဌိတံ ]

www.dhammadownload.com



## ဓမ္မစကြာရွတ်ဆိုပူဇော်ခြင်း အာရုံပြုရန်

၁။ သစ္စာ ၄-ပါး မြတ်တရားကို မိမိကိုယ်တိုင် ဆရာမကူ ထိုးထွင်း သိမြင်ပြီးဖြစ်၍ မိမိနည်းတူ သတ္တဝါ ဝေနေယျတို့အား သိရှိနိုင်စေရန် ဟောကြားတော်မူမည့် (ဓမ္မတည်းဟူသော တရားအလင်းရောင်၊ တရားစကြာတော်ကြီးကို စတင် လည်ပတ်စေတော့မည့်) မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကိုလည်းကောင်း၊

၂။ ဓမ္မအလင်းရောင်အဖြစ် ပေါ်ထွန်းလာမည့် သစ္စာ ၄-ပါး အမှန် တရားကိုလည်းကောင်း၊

၃။ သစ္စာ ၄-ပါး တရားတော်ကို နာကြားကြမည့် ပဉ္စဝဂ္ဂီ ၅-ဦးနှင့်တကွ ၁၈-ကုဋေသော နတ်ဗြဟ္မာအပေါင်းတို့နှင့် စုရုံး ရောက်ရှိ နာယူ နေကြမည့် ပုဂ္ဂိုလ်သတ္တဝါများကိုလည်းကောင်း အာရုံပြု၍ ရွတ်ဆို ပူဇော်ပါ။

ပြီးလျှင်...ပြုလုပ်ရရှိသော ဓမ္မပူဇာကုသိုလ် အစရှိသည့် ကုသိုလ် အစုစုဖြင့်-

၁။ ကျေးဇူးတော်ရှင် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား လည်းကောင်း၊

၂။ သစ္စာ ၄-ပါး မြတ်တရားအားလည်းကောင်း၊

၃။ သစ္စာ ၄-ပါးကို ထိုးထွင်း သိမြင်တော်မူပြီးကြသော ပဉ္စဝဂ္ဂီ အစရှိ သော အရိယာသံဃာတော်မြတ်များနှင့်တကွ အရိယာ နတ်ဗြဟ္မာများ အားလည်းကောင်း ကျေးဇူးတုံ့ဆပ် ပူဇော်ပါ၏ဟု ရှိခိုးပူဇော်ပါ။

www.dhammadownload.com



## အဓိပ္ပာယ်အကျဉ်းမှတ်စု

### ပိဋကတ်ဝယ် သုံးဌာန၌ ပါရှိသည်။

ဓမ္မစက္ကပဝတ္တန (ဓမ္မစကြာ)သုတ်ကို ပထမသင်္ဂါယနာတင် ရဟန္တာသခင် အရှင်မြတ်တို့သည်-

၁။ သံယုတ္တနိကာယ်၊ မဟာဝဂ္ဂသံယုတ္တပါဠိ "သစ္စသံယုတ်"၌ လည်းကောင်း၊

၂။ ဝိနယပိဋက၊ မဟာဝဂ္ဂပါဠိ၊ မဟာခန္ဓက၌ သမိုင်းကြောင်းနှင့်တကွ လည်းကောင်း၊

၃။ ပဋိသမ္ဘိဒါမဂ္ဂပါဠိ၊ ပဋိသမ္ဘိဒါကထာ၌ "ဓမ္မစက္ကပဝတ္တနဝါရ"အမည်ဖြင့်လည်းကောင်း သင်္ဂါယနာတင်တော်မူခဲ့သည်။

### ဓမ္မစကြာ၏အဓိပ္ပာယ်

ဘုရားမြတ်စွာ၏ သန္တာန်၌ဖြစ်သော ပဋိဝေဓဉာဏ်၊ ဒေသနာဉာဏ်တော်တို့ဖြင့် ဝေနေယျတို့၏ သန္တာန်၌ သဒ္ဓါ, သတိ, သမ္မာဒိဋ္ဌိ စသောတရားများ ဖြစ်ပေါ်လာအောင် စကြာသဖွယ် လည်ပတ်စေခြင်း။ (မဂ်, ဖိုလ်အဆင့်ရောက်ရှိသည်အထိ အဆက်မပြတ် အဆင့်ဆင့် လည်ပတ်စေသည်။)

| | |
|---|---|
| ဟောတော်မူချိန် | = မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့၊ နေဝင်, လထွက်အချိန်။ |
| ဟောတော်မူရာနေရာ | = ဣသိပတန မိဂဒါဝုန်တော (ကာသိတိုင်း၊ ဗာရာဏသီမြို့အနီး) |
| ဟောတော်မူ၍ နာကြားသူပုဂ္ဂိုလ် | = ပဉ္စဝဂ္ဂီ၊ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်း။ |

www.dhammadownload.com



## ဟောကြားရာ တရားအစီအစဉ်

* * အမွှန်း
* * နိဒါန်း

(၁) လမ်းစဉ် ၃-ပါး၊

(၂) သစ္စာ ၄-ပါး၊

(၃) ဉာဏ်တော် ၁၂-ပါး၊

(၄) ဘုရားအဖြစ် ရှေးက ဝန်မခံခဲ့ပုံ၊ ယခု ဝန်ခံပုံ၊

(၅) ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်ခဲ့ပုံ၊

- သင်္ဂါယနာမှတ်တမ်း (ပဉ္စဝဂ္ဂီတို့ တရားကို နှစ်သက်ကြပုံ)၊
- အရှင်ကောဏ္ဍည တရားထူးရပုံ၊
- နတ်ဗြဟ္မာတို့ ကောင်းချီးပေးပုံ၊
- တစ်သောင်းသော လောကဓာတ် တုန်လှုပ်ပုံ၊
- အရောင်အလင်း ဖြစ်ပေါ်ခဲ့ပုံ၊

(၆) မြတ်စွာဘုရား ဥဒါန်းကျူးပုံ၊

- အရှင်ကောဏ္ဍည ရှင်ရဟန်းအဖြစ် တောင်းပုံ၊
- ဧဟိဘိက္ခု ရဟန်းအဖြစ်ရပုံ။

## ဟောကြားပြီးနောက် တရားထူးရသူများ

ဝါဆိုလပြည့်နေ့ = အရှင်ကောဏ္ဍည (သောတာပန်ဖြစ်)နှင့် ဗြဟ္မာ ၁၈-ကုဋေ၊ နတ်များ အရေအတွက် အပိုင်းအခြားမရှိ၊ တရားဦးရ, ကျွတ်တမ်းဝင်။

ဝါဆိုလပြည့်ကျော် (၁)ရက် = အရှင်ဝပ္ပမထေရ် (သောတာပန်ဖြစ်)
ဝါဆိုလပြည့်ကျော် (၂)ရက် = အရှင်ဘဒ္ဒိယမထေရ် (သောတာပန်ဖြစ်)
ဝါဆိုလပြည့်ကျော် (၃)ရက် = အရှင်မဟာနာမ် (သောတာပန်ဖြစ်)

www.dhammadownload.com



ဝါဆိုလပြည့်ကျော် (၄)ရက် = အရှင်အဿဇိ (သောတာပန်ဖြစ်)
ဝါဆိုလပြည့်ကျော် (၅)ရက် = အနတ္တလက္ခဏာသုတ် ဟောရာ ငါးပါးလုံး ရဟန္တာဖြစ်။
ဓမ္မစကြာသုတ်နိဿယ ရေးသားသောပုဂ္ဂိုလ် = "စက္ကိန္ဒာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု- စက္ကိန္ဒာဘိသိရီသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ညောင်ကန်ဆရာတော် ဦးဖုမ်။(**ဗုမ်ဆုံး**)

ဉာဏ်တော် ၁၂-ပါး

**သစ္စဉာဏ်** = သစ္စာတရား (အမှန်သဘော)ကို သိသောဉာဏ်။
**ကိစ္စဉာဏ်** = သစ္စာတရားများအတွက် ပြုသင့်ပြုထိုက်သော လုပ်ငန်း (ကိစ္စ)ကို သိသောဉာဏ်။
**ကတဉာဏ်** = ပြုသင့်ပြုထိုက်သော လုပ်ငန်း(ကိစ္စ)များ ပြုလုပ်ပြီးပြီဟု သိသောဉာဏ်။

## ဒုက္ခသစ္စာ၌ဉာဏ် ၃-ပါး

၁။ တဏှာမှတစ်ပါးသော တေဘူမက ရုပ်နာမ်တရားများအားလုံးသည် ဆင်းရဲခြင်း အမှန်သဘော ဒုက္ခသစ္စာဟု သိသောဉာဏ်၊

၂။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိရမည်ဟု သိသောဉာဏ်၊

၃။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိပြီးပြီဟု သိသောဉာဏ်၊

## သမုဒယသစ္စာ၌ဉာဏ် ၃-ပါး

၁။ တဏှာလောဘသည် ဆင်းရဲဖြစ်ကြောင်း အမှန်သဘော သမုဒယသစ္စာဟု သိသောဉာဏ်၊

www.dhammadownload.com



၂။ သမုဒယသစ္စာကို ပယ်ရမည်ဟု သိသောဉာဏ်၊

၃။ သမုဒယသစ္စာကို ပယ်ပြီးပြီဟု သိသောဉာဏ်၊

## နိရောဓသစ္စာ၌ဉာဏ် ၃-ပါး

၁။ နိဗ္ဗာန်သည် ဆင်းရဲဒုက္ခ ချုပ်ငြိမ်းခြင်း အမှန်သဘော နိရောဓသစ္စာဟု သိသောဉာဏ်၊

၂။ နိရောဓသစ္စာကို မျက်မှောက်ပြု ဆိုက်ရောက်ရမည်ဟု သိသောဉာဏ်၊

၃။ နိရောဓသစ္စာကို မျက်မှောက်ပြု ဆိုက်ရောက်ပြီးပြီဟု သိသောဉာဏ်၊

## မဂ္ဂသစ္စာ၌ဉာဏ် ၃-ပါး

၁။ မဂ္ဂင် ၈-ပါးသည် ဆင်းရဲဒုက္ခ ချုပ်ငြိမ်းကြောင်း (နိဗ္ဗာန်သို့ ရောက်ကြောင်း) အမှန်သဘော မဂ္ဂသစ္စာဟု သိသောဉာဏ်၊

၂။ မဂ္ဂသစ္စာကို ပွားများရမည်ဟု သိသောဉာဏ်၊

၃။ မဂ္ဂသစ္စာကို ပွားများပြီးပြီဟု သိသောဉာဏ်၊

အခါတော်နေ့ ကျောင်းပရေးကော်မတီ
ဓမ္မဗျူဟာသာသနမာမကအဖွဲ့
ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

www.dhammadownload.com



# ဓမ္မစကြာတရားတော် အကျဉ်းချုပ်

## ၁။ အစွန်းတရား ၂-ပါးကို ပြခြင်း

ချစ်သား ရဟန်းတို့၊ သာသနာတော်ထမ်း ရဟန်းဖြစ်သောပုဂ္ဂိုလ်သည် (အမှန်ပင် ကိလေသာအပူကို အေးငြိမ်းစေရန် အားထုတ်လိုသောသူသည်) ရှေးဦးစွာ အယုတ်တရား အစွန်း ၂-ပါးကို မမှီဝဲအပ်၊ ရှောင်အပ်၏။ အယုတ်တရား အစွန်း ၂-ပါးတို့သည်-

**(၁) ကာမေသု ကာမသုခလ္လိကာနုယောဂ**

ဝတ္ထုကာမ ဟုဆိုအပ်သော ကာမဂုဏ် အာရုံတို့၌ (သဘောကျနှစ်ခြိုက်ဖွယ်ဟု နှလုံးသွင်းမှား၍) ချမ်းသာဖွယ်ဟု ခံစားလျက် ထိုကာမ အာရုံတို့၌ စွဲလမ်း ကပ်ငြိစွာ ကိလေသာကာမဖြင့် အဖန်ဖန် ယှဉ်တွဲမှီဝဲ လိုက်စားပျော်ပါးခြင်းဟူသော လောဘ တဏှာနှင့် သဿတဒိဋ္ဌိ ဦးစီးသော လျော့လွန်းသည့် အစွန်း တစ်ပါး။

**(၂) အတ္တကိလမထာနုယောဂ**

ကိုယ်နှင့်စိတ်အား ဆင်းရဲမှုတစ်ခုခုဖြစ်အောင် ကြံဖန် ပြုလုပ်၍ ဒုက္ခတစ်ခုခု ထူထောင်လျက် မိမိကိုယ်အား နှိပ်စက်နေခြင်းဖြင့် မဂ်ဖိုလ်အကျိုးတို့နှင့် အလှမ်းဝေးနိုင်သည့် ဒေါသနှင့် ဥစ္ဆေဒ ဒိဋ္ဌိ ဦးစီးသော တင်းလွန်းသည့် အစွန်းတစ်ပါး။

ဤ အယုတ်တရား အစွန်း ၂-ပါးတို့တွင်-

www.dhammadownload.com



ကာမေသု ကာမသုခလ္လိကာနုယောဂအကျင့်သည်-

(က) ဟီနော = ယုတ်မာ ဆိုးဝါးအညံ့စားဖြစ်သောသူတို့၏ အကျင့်ဖြစ်ခြင်း၊

(ခ) ဂမ္မော = ကိလေပြောထူ မြို့သူ မြို့သား၊ ရွာသူ ရွာသား (အိမ်ရာတည်ထောင်သောသူ)တို့၏ ဥစ္စာဖြစ်ခြင်း၊

(ဂ) ပေါထုဇ္ဇနိကော = ပုထုဇဉ်ဖြစ်သောသူတို့၏ ပျော်မြူးရာ အလေ့အကျင့်ဖြစ်ခြင်း၊

(ဃ) အနရိယော = အရိယာသူတော်ကောင်းတို့၏ ဥစ္စာမဟုတ်ခြင်း၊

(င) အနတ္ထသံဟိတော = ပစ္စုပ္ပန် တမလွန် နှစ်တန်သော အကျိုးစီးပွားနှင့် မစပ်ဆိုင်ခြင်း၊

ထို့ကြောင့် သစ္စာသိကြောင်း (မဂ္ဂင် ၈-ပါး) မဇ္ဈိမပဋိပဒါလမ်းကြောင်း၏ ဆန့်ကျင်ဘက်အစွန်းဖြစ်၍ မမှီဝဲအပ်၊ ရှောင်ကြဉ်အပ်၏။

အတ္တကိလမထာနုယောဂအကျင့်သည်-

(က) ဒုက္ခော = ဆင်းရဲ၏၊

(ခ) အနရိယော = အရိယာတို့၏ ဥစ္စာမဟုတ်၊

(ဂ) အနတ္ထသံဟိတော= ပစ္စုပ္ပန် တမလွန် မဂ်ဖိုလ်အကျိုးစီးပွားတို့နှင့် မစပ်ဆိုင်ခြင်းတို့ကြောင့် သစ္စာသိကြောင်း (မဂ္ဂင် ၈-ပါး) မဇ္ဈိမပဋိပဒါ လမ်းကြောင်း၏ ဆန့်ကျင်ဘက် အစွန်းဖြစ်၍ မမှီဝဲအပ်-ရှောင်ကြဉ်အပ်၏။

## ၂။ အလယ်လမ်းကို ပြခြင်း

ချစ်သားရဟန်းတို့၊ ဤ အယုတ်တရား အစွန်း ၂-ပါးကို ရှောင်သော၊ မဇ္ဈိမပဋိပဒါ အလယ်လမ်းဟု ဆိုအပ်သော အကျင့်မြတ်ကို ငါဘုရား

www.dhammadownload.com



သည် သဗ္ဗညုတဉာဏ်တော်အလင်းဖြင့် ထိုးထွင်း၍ သိတော်မူအပ်လေပြီ။

အလယ်လမ်းဖြစ်သော အကျင့်မြတ်သည် သစ္စာ ၄-ပါးကို သိမြင်လာနိုင်သော ပညာမျက်စိကို ဖြစ်စေ၏။ အသိဉာဏ် ပွင့်လင်းမှုကိုလည်း ရစေ၏၊ ကိလေသာမီးများကိုလည်း အပြီး ချုပ်ငြိမ်းစေ၏။ မဖောက်မပြန် မှန်ကန် ကောင်းမြတ်စွာ သိစေ၏။ ဉာဏ်ကွန့်မြူး၍ အထူး သိစေ၏။ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းခြင်းငှာ ဖြစ်၏။

အလယ်လမ်းဟု ဆိုအပ်သော အကျင့်မြတ်သည် အရိယာတို့၏ လက်ကိုင်ဖြစ်၍ မြင့်မြတ်သော အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော မဂ္ဂင် ၈-ပါး တရားမြတ် ဖြစ်ပေသည်။

ဤ မဂ္ဂင် ၈-ပါး တရားမြတ်ဟူသည်-

(၁) **သမ္မာဒိဋ္ဌိ** = အမှန်ကို မြင်ခြင်း၊
(၂) **သမ္မာသင်္ကပ္ပ** = အမှန်ကို ကြံခြင်း၊
(၃) **သမ္မာဝါစာ** = မှန်ကန် ကောင်းမြတ်သောစကားကို ပြောဆိုခြင်း၊
(၄) **သမ္မာကမ္မန္တ** = မှန်ကန် ကောင်းမြတ်သောအလုပ်ကို ပြုလုပ်ခြင်း၊
(၅) **သမ္မာအာဇီဝ** = မှန်ကန် ကောင်းမြတ်သော အသက်မွေးခြင်း၊
(၆) **သမ္မာဝါယာမ** = မှန်ကန် ကောင်းမြတ်သော အားထုတ်ခြင်း၊
(၇) **သမ္မာသတိ** = မှန်သော သတိရှိခြင်း၊
(၈) **သမ္မာသမာဓိ** = မှန်ကန် ကောင်းမြတ်သော တည်ကြည် ငြိမ်သက်မှု ရှိခြင်းဟူသော တရားသဘောများ ဖြစ်ကြ၏။

ချစ်သားတို့၊ ဤ အလယ်လမ်းဟု ဆိုအပ်သော မဇ္ဈိမပဋိပဒါ မဂ္ဂင် အကျင့်မြတ်ကို သဗ္ဗညုတဉာဏ်တော်အလင်းဖြင့် ထိုးထွင်း သိအပ်တော်မူခဲ့လေပြီ။ ဤမဂ္ဂင်အကျင့်မြတ်သည် သစ္စာ ၄-ပါးကို သိမြင်ပြီး ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းစေခြင်းငှာ ဖြစ်၏။ ဤ အလယ်လမ်းဖြင့် သိမြင်စေသော သစ္စာ ၄-ပါးမှာ-

www.dhammadownload.com



## ၃။ သစ္စာ ၄-ပါး ပြခြင်း

### (၁) ဒုက္ခသစ္စာကို ပြခြင်း

ချစ်သားရဟန်းတို့၊ ဒုက္ခ- ဆင်းရဲခြင်းသဘောဟု ဆိုအပ်သော မဖောက်မပြန် မှန်ကန်သော အရိယသစ္စာတရားဟု ဆိုအပ်သော ဒုက္ခသစ္စာတရားသည် ရှိ၏။ ထို ဒုက္ခ-ဆင်းရဲမှုသည် ခန္ဓာရမှုကြောင့်-

(က) အဖန်ဖန် ပဋိသန္ဓေနေရမှု ဇာတိရခြင်းသည်လည်း ဒုက္ခ-ဆင်းရဲ၏၊

(ခ) အဖန်ဖန် အိုရမှု ဇရာရခြင်းသည်လည်း ဒုက္ခ-ဆင်းရဲ၏။

(ဂ) အဖန်ဖန် နာရမှု ဗျာဓိရခြင်းသည်လည်း ဒုက္ခ-ဆင်းရဲ၏။

(ဃ) အဖန်ဖန် သေရမှု မရဏရခြင်းသည်လည်း ဒုက္ခ-ဆင်းရဲ၏။

(င) မချစ်မနှစ်သက်သော သတ္တဝါ (သင်္ခါရ)တို့နှင့် အတူတကွ ပေါင်းဖော်ယှဉ်တွဲ နေထိုင်ရမှုသည်လည်း ဒုက္ခ-ဆင်းရဲ၏။

(စ) ချစ်နှစ်သက်အပ်ကုန်သော သတ္တဝါ (သင်္ခါရ)တို့နှင့် ကွေကွင်း ခွဲခွာ၍ နေရမှုသည်လည်း ဒုက္ခ-ဆင်းရဲ၏။

(ဆ) အကြင် တောင့်တတိုင်းလည်း မရ၊ အလိုရှိတိုင်းလည်း မရ၊ ထိုသို့ လိုအင်ဆန္ဒဖြင့် တောင့်တတိုင်း မရမှုသည်လည်း ဒုက္ခ-ဆင်းရဲ၏၊

(ဇ) အကျဉ်းချုပ်အားဖြင့် ဥပါဒါန်တရားတို့၏ စွဲလမ်းရာဖြစ်ကုန်သော ခန္ဓာ ၅-ပါးတို့သည် ဒုက္ခ-ဆင်းရဲခြင်းအစစ်တို့သာတည်း။

### (၂) သမုဒယသစ္စာကိုပြခြင်း

ချစ်သားရဟန်းတို့၊ ဤ ဒုက္ခ-ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော မဖောက်မပြန် မှန်ကန်သော အရိယသစ္စာတရားဖြစ်သော သမုဒယသစ္စာတရားသည် ရှိ၏။ သမုဒယသစ္စာဖြစ်သော အကြင် သာယာနှစ်သက်

www.dhammadownload.com



လိုချင် ခင်တွယ်တတ်သော တဏှာခေါ်တတ်သည် ဘဝအသစ်အသစ်ကို တစ်ဖန် ဖြစ်စေတတ်သော သဘောသည် ရှိ၏။ နှစ်သက်ခြင်း၊ တပ်မက်ခြင်းဖြစ်၍ နေ၏။ ထိုထို အာရုံတို့၌ အလွန် နှစ်သက်ခြင်းနှင့် တပ်မက်ခြင်းဖြစ်၍ အာရုံတို့၌ ကျက်စား သာယာ၍ နေ၏။ ဤတဏှာသည် ၃-ပါး ရှိ၏။

(က) **ကာမတဏှာ** = အလိုရှိအပ်၊ နှစ်သက်အပ်သော (အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟုခေါ်သော) ဝတ္ထုကာမကို ချမ်းသာသည်ဟု ထင်၍၊ သာယာဖွယ် ထင်၍၊ ကိလေသာကာမအားဖြင့် ခုံမင် တပ်မက်၍ နေသော တဏှာ။

(ခ) **ဘဝတဏှာ** = သတ္တဝါတို့၏ ဘဝသည် မြဲ၏ဟု "ဘယ်ဘဝ ရောက်ရပါလို၏၊ လူ့ချမ်းသာ၊ နတ်ချမ်းသာ ဘဝတို့ ရရပါလို၏"ဟု ဘဝကို ခင်မင် တွယ်တာ တပ်မက်တတ်သော သဿတဒိဋ္ဌိနှင့်ယှဉ်သော တဏှာ။

(ဂ) **ဝိဘဝတဏှာ** = ဘဝသည် မမြဲ၊ လက်ရှိဘဝသည် မမြဲ၊ သေလျှင် ပြတ်၏၊ ဖြစ်ပေါ်မှုမရှိ၊ ဘဝပြတ်ပြီဟူသော ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်သော တဏှာ၊

## (၃) နိရောဓသစ္စာကို ပြခြင်း

ချစ်သားရဟန်းတို့၊ ဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းမှုသဘော ဖြစ်သော၊ မဖောက်မပြန် မှန်ကန်သော၊ အရိယသစ္စာတရားဖြစ်သော နိရောဓသစ္စာတရားသည် ရှိ၏။

www.dhammadownload.com



ဒုက္ခ-ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော၊ ဒုက္ခ ဖြစ်စေတတ်သော တဏှာမှ အကြွင်းမဲ့ ပယ်ပျောက် ချုပ်ဆုံးမှု၊ စွန့်လွှတ်မှု၊ တဏှာမှ ကျွတ်လွတ် ထွက်မြောက်၍ မငြိကပ်မှုတို့သည် ဒုက္ခချုပ်ရာ နိရောဓသစ္စာ (နိဗ္ဗာန်)သာ ဖြစ်၏။

## (၄) မဂ္ဂသစ္စာကို ပြခြင်း

ချစ်သားရဟန်းတို့၊ ဒုက္ခခပ်သိမ်းတို့ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ ဆိုက်ရောက်ကြောင်း အကျင့်မြတ်ဖြစ်သော မဖောက်မပြန် မှန်ကန်သော အရိယ သစ္စာတရားသည် ရှိ၏။ အရိယာတို့၏လက်ကိုင်ဖြစ်၍ မြင့်မြတ်သော အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော မဂ္ဂင် ၈-ပါး အကျင့်တရားသည် မဂ္ဂသစ္စာ ဖြစ်၏။

### သစ္စာလေးပါး၏ကိစ္စ

(၁) **ဒုက္ခသစ္စာ** = ရုပ်နာမ်သဘာဝ **ခန္ဓာ၏ ဆင်းရဲသဘောကို** ပိုင်းပိုင်းခြားခြား သိရမည်၊ **(သိ)**

(၂) **သမုဒယသစ္စာ** = ရုပ်နာမ်ရကြောင်း **ဆင်းရဲကြောင်း တဏှာကို** ပယ်ရမည်၊ **(ပယ်)**

(၃) **နိရောဓသစ္စာ** = ရုပ်နာမ်ချုပ်ရာ **ဆင်းရဲငြိမ်းခြင်း (နိဗ္ဗာန်)**ကို ဆိုက်ရောက်ရမည်၊ **(ဆိုက်)**

(၄) **မဂ္ဂသစ္စာ** = ဆင်းရဲကြောင်း(တဏှာ)ကို ပယ်သတ်နိုင်၍ နိဗ္ဗာန်သို့ ဆိုက်ရောက်ရန် မဂ္ဂဘာဝနာ **(မဂ္ဂင် ၈-ပါး)**ကို ပွားများ အားထုတ်ရမည်၊ **(ပွား)**

www.dhammadownload.com



## ၄။ သစ္စာ ၄-ပါး၊ အကျယ် ၁၂-ပါးကို ပြခြင်း

(၁) ချစ်သားရဟန်းတို့၊ ရုပ်နာမ် ခန္ဓာတို့သည် ဒုက္ခ-ဆင်းရဲစင်စစ် အမှန်ဖြစ်သော ဒုက္ခသစ္စာ- အရိယသစ္စာတစ်ပါးဟူ၍ ရှေးအခါက ဘုရားမဖြစ်မီကာလက တစ်ခါတစ်ရံမျှ မကြားစဖူးကုန်။ (သစ္စဉာဏ်)

(၂) ဆင်းရဲစင်စစ် အမှန်ဖြစ်သော ဤဒုက္ခသစ္စာဖြစ်သော အရိယသစ္စာကို ပိုင်းပိုင်းခြားခြား သိအပ် သိထိုက်၏ဟူ၍ ရှေးက ဘုရားမဖြစ်မီကာလက တစ်ခါတစ်ရံမျှ မကြားစဖူး၏။ (ကိစ္စဉာဏ်)

(၃) ဆင်းရဲစင်စစ် အမှန်ဖြစ်သော ဤဒုက္ခသစ္စာဖြစ်သော အရိယသစ္စာတရားကို ပိုင်းပိုင်းခြားခြား သိခြင်းကိစ္စ ပြီးလေပြီ။ (ကတဉာဏ်)

(၄) တပ်မက် သာယာသော သမုဒယသစ္စာဖြစ်သော တဏှာလောဘသည် ဒုက္ခဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော အရိယသစ္စာတစ်ပါးဟူ၍ ရှေးအခါက ဘုရားမဖြစ်မီကာလက တစ်ခါတစ်ရံမျှ မကြားစဖူးကုန်။ (သစ္စဉာဏ်)

(၅) ဒုက္ခဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော လောဘ-တဏှာ-သမုဒယသစ္စာကို အကြွင်းမဲ့ဥဿုံ အလုံးစုံကို ပယ်သင့်ပယ်ထိုက်၏ဟူ၍ ရှေးက ဘုရားမဖြစ်မီကာလက တစ်ခါတစ်ရံမျှ မကြားစဖူးကုန်။ (ကိစ္စဉာဏ်)

(၆) ဆင်းရဲခြင်း၏ အကြောင်းရင်း သမုဒယသစ္စာတရားဖြစ်သော အရိယသစ္စာတရားကို အကြွင်းမဲ့ဥဿုံ အလုံးစုံ ပယ်ခြင်းကိစ္စ ပြီးပေပြီ။ (ကတဉာဏ်)

www.dhammadownload.com



(၇) ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဓာတ်သိမ်းရာ နိဗ္ဗာန်ကို နိရောဓ သစ္စာအမှန်ဖြစ်သော အရိယသစ္စာတစ်ပါးဟု ရှေးက ဘုရားမဖြစ်မီက တစ်ခါတစ်ရံမျှ မကြားစဖူးကုန်၊ (သစ္စဉာဏ်)

(၈) ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဓာတ်သိမ်းရာ အမှန်ဖြစ်သော နိဗ္ဗာန်ဟူသော နိရောဓသစ္စာသို့ ကိုယ်တိုင်ဆိုက်ရောက် မျက်မှောက်ပြုထိုက်၏ဟူ၍ ရှေးက ဘုရားမဖြစ်မီကာလက တစ်ခါတစ်ရံမျှ မကြားစဖူးကုန်၊ (ကိစ္စဉာဏ်)

(၉) ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဓာတ်သိမ်းရာအမှန် နိဗ္ဗာန် (နိရောဓသစ္စာ)သို့ ကိုယ်တိုင်ဆိုက်ရောက် မျက်မှောက်ပြုခြင်းကိစ္စ ပြီးလေပြီ၊ (ကတဉာဏ်)

(၁၀) ဤမဂ္ဂင်တရား ၈-ပါး တရားအစုသည် ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဓာတ်သိမ်းရာအမှန် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်းလမ်းမှန်ဖြစ်သော မဂ္ဂသစ္စာ အရိယသစ္စာတစ်ပါးဟု ရှေးက ဘုရားမဖြစ်မီက တစ်ခါတစ်ရံမျှ မကြားစဖူးကုန်၊ (သစ္စဉာဏ်)

(၁၁) ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဓာတ်သိမ်းရာအမှန် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်း လမ်းမှန်ဖြစ်သော မဂ္ဂသစ္စာဖြစ်သော ဤ အရိယသစ္စာကို ဘာဝနာအလုပ်ဖြင့် ကြိုးစားအားထုတ် ပွားများအပ်၊ ပွားများထိုက်၏ဟူ၍ ရှေးက ဘုရားမဖြစ်မီကာလက တစ်ခါတစ်ရံမျှ မကြားစဖူးကုန်၊ (ကိစ္စဉာဏ်)

(၁၂) ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဓာတ်သိမ်းရာအမှန် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်း လမ်းမှန်ဖြစ်သော (မဂ္ဂသစ္စာ) အရိယသစ္စာ တရားကို ပွားများခြင်းကိစ္စ ပြီးပေပြီ၊ (ကတဉာဏ်)

www.dhammadownload.com



ဤသို့ ဒုက္ခသစ္စာကို ပိုင်းပိုင်းခြားခြား သိခြင်းကိစ္စပြီးခြင်း၊ သမုဒယသစ္စာကို အကြွင်းမဲ့ဉသုံ ပယ်ခြင်းကိစ္စပြီးခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စပြီးခြင်း၊ မဂ္ဂသစ္စာကို ပွားများခြင်းကိစ္စ ပြီးခြင်းတို့ကြောင့်-

- မြင်နိုင်တုံဘိ ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏၊
- ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏၊
- အနှံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍လာ၏၊
- ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏၊
- မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

ချစ်သားရဟန်းတို့၊ ယခုအခါ လေးပါးကုန်သော မဖောက်မပြန် မှန်ကန်သော အရိယသစ္စာမြတ်တို့ဖြစ်သော သစ္စာလေးပါးတို့၌ သရုပ်သဘောသက်သက်ကိုသိသော သစ္စဉာဏ်၊ သစ္စာလေးပါးတို့၏ ဆိုင်ရာလုပ်ငန်းကိုသိသော ကိစ္စဉာဏ်၊ သစ္စာလေးပါးတို့၏ အလုပ်စခန်း ပြီးမြောက်ပြီဟုသိသော ကတဉာဏ်ဖြင့် စက်လည်ပုံ သုံးပါးရှိသော သုံးပါးလေးလီအားဖြင့် အခြင်းအရာ တစ်ဆယ့်နှစ်ပါးရှိသော ဟုတ်မှန်သောအတိုင်း ပိုင်းခြားထင်ထင် ဉာဏ်အမြင်သည် (ရှေးက မဖြစ်ပေါ်ခဲ့ဖူးသော ဉာဏ်အမြင်သည်) စင်စင်ကြယ်ကြယ် ဖြစ်ပေါ်၍လာ၏။

ချစ်သားရဟန်းတို့၊ ထိုအခါ၌သာလျှင် နတ်ပြည်နှင့်တကွဖြစ်သော၊ မာရ်နတ်လွှမ်းခြုံ ဝသဝတ္တီဘုံနှင့်တကွဖြစ်သော၊ ဗြဟ္မာ့ဘုံနှင့်တကွဖြစ်သော၊ အနန္တစကြဝဠာ ကမ္ဘာလောကဓာတ် တိုက်ဘောင်အတွင်း၌ ရဟန်း ပုဏ္ဏားနှင့်တကွဖြစ်သော၊ နတ်လူနှင့်တကွဖြစ်သော သတ္တဝါများအလယ်၌ "အတုမရှိသော ဘုရား၏ဉာဏ် သဗ္ဗညုတရွှေဉာဏ်တော်ကို ပိုင်ပိုင်ရရှိ ထိုးထွင်း၍ သိတော်မူပြီ"ဟု ဝန်ခံတော်မူပြီ။

www.dhammadownload.com



ချစ်သားရဟန်းတို့၊ ငါဘုရား၏ ဟုတ်တိုင်းမှန်စွာ အမြင်သန်သော ပစ္စဝေက္ခဏာ ဉာဏ်တော်သည် ထင်ရှား ဖြစ်ပေါ်၍လာပြီ။ ငါဘုရား၏ အရဟတ္တဖိုလ် ဉာဏ်တော်သည် မပျက်မစီးနိုင် ခိုင်ခိုင် တည်တံ့လေပြီ။ ငါဘုရား၏ ဤဘဝအဖြစ်သည် အဆုံးစွန်သော အဖြစ်ပေတည်း။ ယခုအခါ ဘဝအသစ် တစ်ဖန်ဖြစ်ဖို့ အရေးသည် မရှိတော့ချေ။ ဤသို့ ဉာဏ်အမြင်သည် ထင်ရှား ဖြစ်ပေါ်၍လာပြီ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤ ဓမ္မစက္ကပဝတ္တနသုတ္တန်ကို ပထမဦးစွာ တရားဦးအဖြစ် မြွက်ကျူး ဟောကြားတော်မူလေ၏။ ကောဏ္ဍညအမှူး ငါးဦးအစုအဝေးရှိကုန်သော ရဟန်းတို့သည် ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ဟောတော်မူသော တရားတော်ကို အရိယသစ္စာဉာဏ် ထက်သန်ပွင့်လင်း ဝမ်းမြောက်ခြင်း ရှိကုန်သည်ဖြစ်၍ ရွှင်လန်းအားရ နှစ်သက်ကြလေကုန်သတည်း။

ဂါထာမဖက် စုဏ္ဏိယသက်သက်ဖြစ်သော ဤဓမ္မစက္ကပဝတ္တနသုတ်တော်ကြီးကို ဟောကြားအပ်ပြီးသည်ရှိသော် ရှည်သောသက်တော်ရှိသော အရှင်ကောဏ္ဍညမထေရ်အား ကိလေသာမြူတို့မှ စင်ဖြူ ကင်းဝေးသော၊ မှောက်မှားဒိဋ္ဌိ အညစ်အကြေးမရှိသော သောတာပတ္တိမဂ်ဉာဏ်ဟု ဆိုအပ်သော တရားမျက်လုံးသည် ထင်ရှားဖြစ်ပေါ်လေ၏။

"အလုံးစုံသော တေဘူမက ဝဋ္ဋဒုက္ခ တရားအစုသည် ဖြစ်ပေါ်ခြင်း လျှင် အကြောင်းရင်း ရှိ၏၊ ထို အလုံးစုံသော တေဘူမက ဝဋ္ဋဒုက္ခတရားအစုသည် ဧကြွင်းမကျန် အမှန်ချုပ်ဆုံးခြင်းသဘော ရှိ၏" ဟူသော ဟုတ်တိုင်းမှန်သိ ဉာဏ်မျက်စိသည် ထင်ရှား ဖြစ်ပေါ်၍လာ၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဝမ်းမြောက် မြွက်ကြား၍ ဥဒါန်းတော် အမိန့်စကားကို ကျူးရင့်တော်မူလေ၏၊ "အို…လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၊ ငါ့သားတော်ကြီးဖြစ်သော ကောဏ္ဍညသည်

www.dhammadownload.com



အသိဉာဏ် အလင်းပေါက်၍ သောတာပန်အဖြစ်သို့ ရောက်လေပြီတကား”
ဟု ဥဒါန်းကျူးရင့်တော်မူလေ၏။ ဤ ဥဒါန်းစကားတော်အားဖြင့် ရှည်သော
သက်တော်ရှိသော အရှင်ကောဏ္ဍညမထေရ်မြတ်အား ‘အညာသိကောဏ္ဍည’
ဟူ၍သာလျှင် ဤအမည်ထူးသည် ဖြစ်လေသတည်း။

သောတာပန် ဖြစ်ပြီးသောအခါ၌ ရှည်သောသက်တော်ရှိသော
အရှင်အညာသိကောဏ္ဍညသည် “ကိုယ်တိုင် မြင်အပ်ပြီးသောတရား ရှိသည်
ဖြစ်၍၊ ကိုယ်တိုင် သိအပ်ပြီးသောတရား ရှိသည်ဖြစ်၍၊ ကိုယ်ပိုင်ဉာဏ်ဖြင့်
သက်ဝင်အပ်ပြီးသောတရား ရှိသည်ဖြစ်၍၊ ယုံမှားခြင်း၏ တစ်ဖက်ကမ်းသို့
ရောက်အောင် ကူးမြောက်ပြီးသည်ဖြစ်၍၊ သို့လော သို့လော တွေးတော
ယုံမှားခြင်းမှ လွတ်ကင်းသည်ဖြစ်၍၊ ကြောက်ရွံ့မှု ကင်းလျက် ရဲရင့်ခြင်းသို့
ရောက်သည်ဖြစ်၍” မြတ်စွာဘုရား၏ သာသနာတော်အတွင်း၌ သိမြင်
ပြီးသော ဉာဏ်အစွမ်းအားဖြင့် သူတစ်ပါးတို့အား ယုံကြည် အားထားခြင်း
မရှိလေသောကြောင့် ဘုန်းတော်ကြီးသော မြတ်စွာဘုရားကို ဤသို့သော
စကားကို လျှောက်ထား တောင်းပန်လေ၏။

“အရှင်ဘုရား၊ တပည့်တော်သည် ဘုန်းတော်ကြီးသော မြတ်စွာ
ဘုရားထံ ရဟန်းအဖြစ်ကို ရလိုပါသည်ဘုရား၊ ပဉ္စင်းအဖြစ်ကို ရလိုပါသည်
ဘုရား” ဤသို့ လျှောက်ထား တောင်းပန်လေ၏။

မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူလေ၏။ “အို…ရဟန်း၊
လာလော့၊ ငါဘုရားသည် တရားတော်မြတ်ကို ကောင်းစွာ ဟောကြားတော်
မူအပ်ပြီ၊ သံသရာ ဝဋ်ဆင်းရဲ၏ ကိစ္စတုံး၍ အဆုံးတိုင်အောင် ပြုခြင်းငှာ
ကောင်းစွာ မြတ်သော မဂ်အကျင့်ကို ကျင့်လေလော့”ဟု မိန့်တော်မူ၏။
ဤသည်ပင်လျှင် ရှည်သောသက်တော်ရှိသော ထိုအရှင်ကောဏ္ဍညအား
ဧဟိဘိက္ခုပဉ္စင်းအဖြစ်သည်သာလျှင် ဖြစ်လာသတည်း။

www.dhammadownload.com



**ကာမေသု ကာမသုခလ္လိကာနုယောဂ**

**ကာမေသု** - ကာမဂုဏ်တို့၌

**ကာမသုခ** - ကာမအာရုံ ၅-ပါး၌ ချမ်းသာဟု ခံစား လျက်၊

**အလ္လိက** - ငြိတွယ်၊ကပ်ငြိ၊ စွဲလမ်း စွာဖြင့်

**အနုယောဂ** - အဖန်ဖန် အထပ်ထပ် ယှဉ်တွဲ မှီဝဲခြင်း။

[အာရုံ ၅-ပါး ကာမဂုဏ်တရားတို့၌(သဘောကျ နှစ်သက်ဖွယ်ဟု နှလုံးသွင်းမှား၍) ချမ်းသာဖွယ်ဟု ခံစားလျက် ထိုကာမဂုဏ်အာရုံတို့၌ စွဲလမ်း ကပ်ငြိစွာဖြင့် အဖန်ဖန် ယှဉ်တွဲ မှီဝဲခြင်း]

(၁) **ဟီနော** - ယုတ်ညံ့၏၊

(၂) **ဂမ္မော** - အိမ်ရာ တည်ထောင် လူတို့ အကျင့်၊

(၃) **ပေါထုဇ္ဇနိကော** - ပုထုဇဉ်တို့၏ အကျင့်၊

(၄) **အနရိယော** - အရိယာတို့၏ အကျင့်မဟုတ်၊

(၅) **အနတ္ထသံဟိတော**-အကျိုးစီးပွား နှင့် မစပ်ယှဉ်၊

**အတ္တကိလမထာနုယောဂ**

**အတ္တ** - ကိုယ်စိတ်တို့၏၊

**ကိလမထ** - ပင်ပန်း ဆင်းရဲခြင်း အား၊

**အနုယောဂ** - အဖန်ဖန် အထပ် ထပ် ယှဉ်တွဲ မှီဝဲ ခြင်း၊

[ကိုယ်နှင့်စိတ်အား ဆင်းရဲမှု တစ်ခုခုဖြစ်အောင် ကြံဖန် ပြုလုပ်၍ ဒုက္ခတစ်ခုခု ထူထောင်နေခြင်းဖြင့် မဂ်ဖိုလ်အကျိုးတို့နှင့် အလှမ်းဝေးနိုင်သည့် အစွန်းတစ်ပါး]

(၁) **ဒုက္ခော** - ကိုယ်စိတ် ဆင်းရဲခြင်း ကို ဖြစ်စေ ၏။

(၂) **အနရိယော** - အရိယာတို့ ၏ အကျင့် မဟုတ်၊

(၃) **အနတ္ထသံဟိတော** - အကျိုး စီးပွားနှင့် မစပ်ယှဉ်၊

www.dhammadownload.com



| | |
|---|---|
| (၁) ပျော့ညံ့ သေးသိမ် ယုတ်ညံ့ လျော့လွန်းသော အပျော့ဆွဲလမ်းစဉ် | (၁) ဆင်းရဲမှုကို ဖြစ်စေလျက် ပြင်းပြင်းထန်လွန်း၊ တင်းလွန်းသော လမ်းစဉ်၊ |
| (၂) လက်ဝဲစွန်း၊ | (၂) လက်ယာစွန်း၊ |
| (၃) တဏှာ+သဿတဒိဋ္ဌိ ခေါင်းဆောင်သောလမ်းစဉ်၊ | (၃) ဒေါသ+ဥစ္ဆေဒဒိဋ္ဌိ ခေါင်းဆောင်သော လမ်းစဉ်၊ |
| (၄) ခန္ဓာကိုယ်ကို အလိုလိုက်သော လမ်းစဉ်၊ | (၄) ခန္ဓာကိုယ်ကို နှိပ်စက်သော လမ်းစဉ်၊ |

**သတိပြုရန်** ။ ။ ခန္ဓာကိုယ်ကို အလိုလိုက်နေခြင်းမဟုတ်၊
လောဘကို အလိုလိုက်နေခြင်းသာ။

ခန္ဓာကိုယ်ကို နှိပ်စက်နေရမည်လည်း မဟုတ်၊
လောဘကိုသာ နှိပ်စက်ရမည်။



www.dhammadownload.com



# မဇ္ဈိမပဋိပဒါကျင့်စဉ်

## (အစွန်း ၂-ပါးလွတ် ၊ အလယ်အလတ် လမ်းမှန်ကျင့်စဉ်၊ တဏှာပယ်သတ်သော ကျင့်စဉ်)

**ဥဘော အန္တေ** - အစွန်း ၂-ပါးတို့သို့ မကပ်ရောက်သော၊

**တထာဂတေန** - မြတ်စွာဘုရားသည်

**အဘိသမ္ဗုဒ္ဓါ** - အထူးသဖြင့် သိတော်မူအပ်သော၊

**စက္ခုကရဏီ** - ပညာမျက်စိကို ပြုတတ်သော၊

**ဉာဏကရဏီ** - ဉာဏ်အမြင်ကို ပြုတတ်သော၊

} အလယ်အလတ်ဖြစ်သော မဇ္ဈိမပဋိပဒါအကျင့် (မဂ္ဂင် ၈-ပါး)

| (ဥပသမာယ) | (အဘိညာယ) | (သမ္ဗောဓာယ) | (နိဗ္ဗာနာယ) |
| --- | --- | --- | --- |
| ကိလေသာ ငြိမ်းရန် | ထူးသောဉာဏ်ဖြင့် သိရန် | သစ္စာ ၄-ပါးကို သိရန် | နိဗ္ဗာန်ကို မျက်မှောက်ပြုရန် |

## တဏှာပယ်သတ်ပုံ (ကိလေသာငြိမ်းရန်)

| မဂ္ဂင် ၈-ပါး | | ကိလေသာ | | ပယ်သတ်ပုံ |
| --- | --- | --- | --- | --- |
| သီလမဂ္ဂင် ၃-ပါး | → | ဝီတိက္ကမကိလေသာ | → | တဒင်္ဂပဟာန် |
| သမာဓိမဂ္ဂင် ၃-ပါး | → | ပရိယုဋ္ဌာနကိလေသာ | → | ဝိက္ခမ္ဘနပဟာန် |
| ပညာမဂ္ဂင် ၂-ပါး | → | အနုသယကိလေသာ | → | သမုစ္ဆေဒပဟာန် |

www.dhammadownload.com



## ဇာတိ ပိ ဒုက္ခာ

* စာသစ်, စာကျက်၊ အောက်-ထက်ဝန်းရုံ၊
ပုပ်နံ့ညှီလှောင်း၊ ကျဉ်းမြောင်း မည်းမိုက်၊
မိဝမ်းတိုက်ဝယ်၊ ဘင်ဌ် လောက်လို၊
ကျောက်ကို ဝမ်းပြု၊ ဒူးနှစ်ခုကြား၊
ဦးခေါင်းထားလျက်၊ မေးဖျားလက်ဆုပ်၊
သစ်ခွတုတ်ဝယ်၊ မျောက်အို ကုပ်သည့်နှယ်။

* မလှုပ်မယှက်၊ သေလောက်လက်ဝယ်၊
ဆိတ်သူငယ်လို၊ အလမ္ပာယ်မိ၊ မြွေငယ်ချိသို့၊
အမိစပ်ခါး၊ ပူအေးစားလည်း၊ ကိုယ်သားဆတ်ဆတ်၊
သက်ပြတ်တစေ၊ ဆယ်လနေ၍၊
လေကမ္ဘဇ၊ ဦးဇောက်ချသား၊ မဂ်ဝသို့ရောက်၊
သံကောက်ပေါက်မှ၊ ဆွဲမြှောက်ဆင်ပြောင်၊
သံတောင်ကြိတ်ချေ၊ ပုံနေရယိက၊
ပြင်သို့ကျလည်း၊ အပ်ဆွသည့်ဟန်၊ ကြီးပြန်ဒုက္ခ၊
ပြစ်များလှသည်၊ လက်စဇာတိ၊ ဖြစ်ရင်းတည်း။

(တောင်မြို့၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး)

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

## မဇ္ဈိမပဋိပဒါလမ်းစဉ်

(တဒင်္ဂပဟာန်) သီလမဂ္ဂင် ၃-ပါး
(ဝိက္ခမ္ဘနပဟာန်) သမာဓိမဂ္ဂင် ၃-ပါး
(သမုစ္ဆေဒပဟာန်) ပညာမဂ္ဂင် ၂-ပါး
} မဂ်

မဂ် –
သိ (ဒုက္ခသစ္စာ)
ပယ် (သမုဒယသစ္စာ)
ဆိုက်(နိရောဓသစ္စာ)
ပွား (မဂ္ဂသစ္စာ)